# သင့်မော်တော်ယာဉ်အုပ်စုကို လျှပ်စစ်ဖြင့်မောင်းနှင်စနစ်သို့ ပြောင်းလဲခြင်းအစီအစဉ် လမ်းညွှန်ချက်များ

## အစီအစဉ်အကျဉ်းချုပ်

သယ်ယူပို့ဆောင်ရေး ဌာနသည် မော်တော်ယာဉ်များကို လျှပ်စစ်ဖြင့်မောင်းနှင်စနစ်သို့ ပြောင်းလဲမှုကို အားပေးရန်နှင့် လုပ်ငန်းသုံးယာဉ်များ၊ စည်ပင်သာယာသုံးယာဉ်များနှင့် အကျိုးအမြတ်အတွက်မဟုတ်သော မော်တော်ယာဉ်များ၏ ရာသီဥတုအပေါ် သက်ရောက်မှုများကို လျှော့ချရန် သင့်မော်တော်ယာဉ်အုပ်စုကို လျှပ်စစ်ဖြင့်မောင်းနှင်စနစ်သို့ ပြောင်းလဲခြင်း အစီအစဉ်အား စတင်မိတ်ဆက်လိုက်ကြောင်း ဝမ်းမြောက်စွာ ကြေညာအပ်ပါသည်။
ဤဆုကြေးချီးမြှင့်အစီအစဉ်သည် အတွင်းလောင်အင်ဂျင် (ICE) အသုံးပြု မော်တော်ယာဉ်များအား ပိုမိုသန့်ရှင်းသော ပလပ်အင် လျှပ်စစ်မော်တော်ယာဉ်များ (EV များ) ဖြင့် အစားထိုးရန် သို့မဟုတ် မော်တော်ယာဉ်အုပ်စုတွင် ICE ကားများ ထပ်ဖြည့်ခြင်းကို ရှောင်ကြဉ်နိုင်ရန် လုပ်ငန်းပိုင်ရှင်များကို ငွေကြေးထောက်ပံ့ကူညီပေးမည်ဖြစ်သည်။ သတ်မှတ်ချက်နှင့်ကိုက်ညီသော မော်တော်ယာဉ်အုပ်စု ပိုင်ရှင်များသည် အခြားသော ဖက်ဒရယ်၊ ပြည်နယ်နှင့် လျှပ်စစ်ဝန်ဆောင်မှု ဆုကြေးများနှင့်အတူ သန့်ရှင်းသော သယ်ယူပို့ဆောင်ရေးစနစ်နည်းလမ်းများအတွက် ဒေါ်လာထောင်ပေါင်းများစွာ ချွေတာနိုင်မည့် အခွင့်အရေးရှိနိုင်သည်။

## သတ်မှတ်ချက်နှင့်ကိုက်ညီမှု

Vermont တွင် မှတ်ပုံတင်ထားသော လုပ်ငန်းသုံးယာဉ်၊ စည်ပင်သာယာသုံးယာဉ်နှင့် အကျိုးအမြတ်အတွက်မဟုတ်သော မော်တော်ယာဉ်အုပ်စု ပိုင်ရှင်အားလုံးသည် ဤ $500,000 ထောက်ပံ့ကြေး အစီအစဉ်ကို ဦးရာလူစနစ်ဖြင့် ပြည်နယ်တစ်ဝန်းလုံးတွင် ရရှိနိုင်ပါသည်။

အစားထိုးလိုက်သည့် သို့မဟုတ် ရှောင်သုံးလိုက်သည့် ICE မော်တော်ယာဉ်တိုင်းအတွက် $2,500 အထိ ချီးမြှင့်ငွေ ထုတ်ပေးမည်ဖြစ်ပြီး အစီအစဉ် လည်ပတ်နေသည့် သက်တမ်းတစ်လျှောက် ယာဉ်အုပ်စုတစ်စုလျှင် အများဆုံး ခွင့်ပြုအစီးရေ 20 စာ ထုတ်ပေးမည်ဖြစ်သည်။ Vermonte နေ ပြည်သူများကို သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြားရွေးချယ်စရာများအား

ပံ့ပိုးပေးသည့်အကျိုးအမြတ်အတွက်မဟုတ်သော ရွေ့လျားသွားလာရေး ဝန်ဆောင်မှုအဖွဲ့အစည်းများသည် တစ်စီးလျှင် ပုံမှန် $2,500 ဖြင့် အများဆုံး 15 စီးစာအထိ ချီးမြှင့်ငွေအပြင် ထပ်တိုးချီးမြှင့်ငွေအဖြစ် တစ်စီး $5,000 ကို 5 စီးစာအထိ ခံစားခွင့်ရှိသည်။

ဤရန်ပုံငွေကို ပလပ်အင် လျှပ်စစ်မော်တော်ယာဉ်များ (PEV) သို့မဟုတ် လျှပ်စစ်စက်ဘီးများ၊ လျှပ်စစ် ကုန်သယ်စက်ဘီးများ၊ လိုက်လျောညီထွေပြောင်းလဲနိုင်သော လျှပ်စစ်စက်ဘီးများ၊ လျှပ်စစ် မော်တော်ဆိုင်ကယ်များ သို့မဟုတ် လျှပ်စစ်နှင်းလျှောယာဉ်များ အပါအဝင် အခြားသော သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မော်တော်ယာဉ်အုပ်စုများ ဝယ်ယူခြင်းအတွက်ဖြစ်စေ၊ ငှားရမ်းခြင်းအတွက်ဖြစ်စေ အသုံးချနိုင်သည်။

ရန်ပုံငွေရယူထားသော ယာဉ်(များ)သည် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှင့်မှု လျှော့ချရေးအတွက် တစ်တပ်တစ်အားဖြစ်စေကြောင်း လျှောက်ထားသူများက လက်တွေ့ပြရပါမည်။

လျှောက်ထားသူသည် ဤဆုကြေးချီးမြှင့်အစီအစဉ်မှတစ်ဆင့် ဝယ်ယူထားသော သို့မဟုတ် ငှားရမ်ထားသော ယာဉ်အားလုံးကို အနည်းဆုံး နှစ်ဆယ့်လေး (24) လကြာ ထိန်းသိမ်းထားရမည်ဖြစ်ပြီး MileageSmart အစီအစဉ်၊ တစ်ပတ်ရစ်ယာဉ်များအတွက် Vermont ၏ ဝင်ငွေသတ်မှတ်ချက်နှင့် ကိုက်ညီသူအား ဆုကြေးချီးမြှင့်အစီအစဉ်တွင် ပါဝင်သည့် ကားအရောင်းကိုယ်စားလှယ်များထံ ဤယာဉ်များကို ပြန်ရောင်းနိုင်စေရေးအတွက် ကျိုးကြောင်းဆီလျော်သော ကြိုးပမ်းအားထုတ်မှုများကို ပြုလုပ်ရပါမည်။

## လျှောက်ထားသည့် လုပ်ငန်းစဉ်

သင့်မော်တော်ယာဉ်အုပ်စုကို လျှပ်စစ်ဖြင့်မောင်းနှင်စနစ်သို့ ပြောင်းလဲခြင်းအစီအစဉ်အတွက် လျှောက်ထားရန် ယာဉ်ပိုင်ရှင်များသည် အွန်လိုင်း လျှောက်လွှာပုံစံကို ဖြည့်စွက်ရပါမည်။ လျှောက်လွှာများကို သယ်ယူပို့ဆောင်ရေးဌာန၏ ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော ကော်မတီက ပြန်လည်သုံးသပ်ပါမည်။ ထို့နောက် လျှောက်ထားသူများကို သတ်မှတ်ချက်ပြည့်မီကြောင်း

အတည်ပြုရန်နှင့် အထောက်အကူပြုစာရွက်စာတမ်းများ ပေးအပ်ရန်အတွက် စိစစ်ရေးဖုန်းမှတစ်ဆင့် ဆက်သွယ်ပါမည်။ ထောက်ပံ့ငွေရရှိရေး အခွင့်အလမ်း သတိပေးချက် (NOFO)၊ အစီအစဉ်လမ်းညွှန်ချက်များနှင့် ယာဉ်များကို လျှပ်စစ်ဖြင့်မောင်းနှင်စနစ်သို့ ပြောင်းလဲရေး ကြိုးပမ်းမှုများကို ငွေကြေးထောက်ပံ့ ကူညီပေးရန် သယ်ယူပို့ဆောင်ရေးဌာန ဝက်ဘ်ဆိုက်တွင် ရရှိနိုင်သော နောက်ထပ် အရင်းအမြစ်များကို သေသေချာချာ ပြန်လည်သုံးသပ်ရန် လျှောက်ထားသူ အားလုံးအား တိုက်တွန်းထားပါသည်။

*သင်သည် **အင်္ဂလိပ်ဘာသာစကားပြောသူ မဟုတ်ဘဲ** ဘာသာပြန်ဆိုမှု အကူအညီလိုအပ်ပါက ပြည်နယ်နှင့် စာချုပ်ချုပ်ဆိုထားသည့် ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှုများထံ ဆက်သွယ်ရန် AOT.climate@vermont.gov သို့ အီးမေးလ်ပေးပို့ပြီး သယ်ယူပို့ဆောင်ရေးဌာန ဝန်ထမ်းကို ဆက်သွယ်ပါ။ အလုပ်ချိန် နံနက် 8:00 နာရီ မှ ညနေ 4:30 နာရီအတွင်း ဘာသာပြန်သူနှင့်အတူ သင့်ထံ ဆက်သွယ်နိုင်စေရန်အတွက် သင့်အမည်၊ ဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာတို့ကို ချန်ထားပေးခဲ့ပါ။*